19 ရက် ဖေဖော်ဝါရီလ 2020 ခုနှစ် ထုတ်

# အမျိုးအစားအသစ် ကိုရိုနာ ဗိုင်းရပ်စ် နှင့် ပတ်သက်သော ဆွေးနွေးမှုနှင့်စပ်လျဉ်း၍

## ဆွေးနွေးရန် ကောင်တာ (နိုင်ငံခြားမှပြန်လာသူ၊ထိတွေ့မိသူများ ဆွေးနွေးရန်စင်တာ)

ယခုလတ်တလော အမျိုးအစားအသစ် ကိုရိုနာ ဗိုင်းရပ်စ် ကူးစက်ရောဂါ ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ခရိုင်အတွင်းရှိသူများ၏ စိတ်ပူနေမှုများ ပြေပျောက်စေရန်အတွက် ဖုန်းဖြင့်ဆွေးနွေးရန်ကောင်တာကို ပြင်ဆင်ထားရှိထားပါသည်။



| | | |
|---|---|---|
| ကျန်းမာရေးဌာန | Iwakuni ကျန်းမာရေးနှင့် လူမှုဖူလုံရေး စင်တာ | ０８２７－２９－１５２３ |
| | Yanai ကျန်းမာရေးနှင့် လူမှုဖူလုံရေး စင်တာ | ０８２０－２２－３６３１ |
| | Shunan ကျန်းမာရေးနှင့် လူမှုဖူလုံရေး စင်တာ | ０８３４－３３－６４２３ |
| | Yamaguchi ကျန်းမာရေးနှင့် လူမှုဖူလုံရေး စင်တာ | ０８３－９３４－２５３３ |
| | Yamaguchi ကျန်းမာရေးနှင့် လူမှုဖူလုံရေး စင်တာ Hofu ဌာနခွဲ | ０８３５－２２－３７４０ |
| | Ube ကျန်းမာရေးနှင့် လူမှုဖူလုံရေး စင်တာ | ０８３６－３１－３２０３ |
| | Nagato ကျန်းမာရေးနှင့် လူမှုဖူလုံရေး စင်တာ | ０８３７－２２－２８１１ |
| | Hagi ကျန်းမာရေးနှင့် လူမှုဖူလုံရေး စင်တာ | ０８３８－２５－２６６７ |
| | Shimonoseki မြို့၏ Shimonoseki ကျန်းမာရေးဌာန * | ０８３－２５０－７７７８ |
| | ခရိုင်ကျန်းမာရေးမြှင့်တင်မှုဌာန * | ０８３－９３３－３５０２ |

[လက်ခံသည့်အချိန်] 9:00~17:00 (ဘာသာစကားမျိုးစုံဖြင့် တုံ့ပြန်ဖြေဆိုနိုင်ပါသည်)

* စနေ၊တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှာ ခရိုင်ကျန်းမာရေးမြှင့်တင်မှုဌာန ၊Shimonoseki မြို့သူမြို့သားများမှာ Shimonoseki မြို့၏ Shimonoseki ကျန်းမာရေးဌာနတွင် တုံ့ပြန်ဖြေဆိုပေးပါမည်။

## နိုင်ငံခြားမှပြန်လာသူ၊ထိတွေ့မိသူများထံမှ ဖုန်းဖြင့် ဆွေးနွေးမှုနှင့်စပ်လျဉ်း၍

(နိုင်ငံခြားမှပြန်လာသူ၊ထိတွေ့မိသူများ ဆွေးနွေးရန်စင်တာ)

**အမျိုးအစားအသစ် ကိုရိုနာ ဗိုင်းရပ်စ် ကူးစက်ရောဂါ ဟု သံသယရှိပြီး၊ ရောဂါလက္ခဏာ ရှိပါက ဆေးခန်းပြသမှု မပြုမီ မပျက်မကွက် အထက်ပါ ဌာနများအတွင်းမှ အနီးဆုံး ကျန်းမာရေးဌာနသို့ ဖုန်းဆက်ပါ။**

အရေးပေါ် လိုအပ်သောအခြေအနေဖြစ်ပါက လက်ခံသည့်အချိန် ပြင်ပတွင်လည်း ဆွေးနွေးမှုကို လက်ခံဖြေဆိုပေးပါမည်။ တဖန် လိုအပ်ချက်နှင့်အညီ ဆေးကုသမှုဌာနကို မိတ်ဆက်ပေးပါမည်။



- ○ အအေးမိရောဂါလက္ခဏာများ၊ 37.5 °C နှင့်အထက် ကိုယ်ပူခြင်းတို့မှာ 4ရက်နှင့်အထက် ဆက်ဖြစ်နေသူများ ( ကိုယ်ပူကျဆေး(အဖျားပျောက်ဆေး) ကို ဆက်တိုက် မသောက်၍မရသည့်သူများလည်း အတူပင်ဖြစ်သည်)
- ○ ပြင်းထန်စွာ ညောင်းကိုက်ခြင်း(အမြဲတစေကိုက်ခဲနေခြင်း)၊ အသက်ရှူကြပ်ခြင်း(အသက်ရှူရခက်ခဲခြင်း) တို့ရှိသောသူများ
- * အသက်အရွယ်ကြီးရင့်သူ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ( COPD စသည်)စသော အခြေခံနာတာရှည်ရောဂါရှိသည့်သူများ၊ ကျောက်ကပ်ဆေးကြောမှု ခံယူနေရသူများ၊ ကာကွယ်ဆေးများ၊ ကင်ဆာရောဂါဆေးများကို အသုံးပြုနေရသည့်သူများမှာ ဤအခြေအနေများ 2ရက်ခန့် ဆက်ဖြစ်ခဲ့ပါက ဆွေးနွေးပါ။
- * ကိုယ်ဝန်ဆောင်များမှာမူ သေချာစေရန်အတွက် စောလျင်စွာ ဆွေးနွေးပါ။

**<ဆွေးနွေးမှု၊ဆေးခန်းပြသမှု မပြုမီ သတိပြုလုပ်ဆောင်စေလိုသော ကိစ္စများ>**

- ကိုယ်ပူခြင်းစသည့် အအေးမိရောဂါလက္ခဏာများ တွေ့ရပါက ကျောင်း၊ကုမ္ပဏီမှ ခွင့်ယူပြီး အပြင်ထွက်ခြင်းကို ရှောင်ကြဉ်ပါ။
- ကိုယ်ပူခြင်းစသည့် အအေးမိရောဂါလက္ခဏာများ တွေ့ရပါက နေ့စဉ် ကိုယ်ပူတိုင်း၍ မှတ်သားထားပါ။

အမျိုးအစားအသစ် ကိုရိုနာ ဗိုင်းရပ်စ် ကူးစက်ရောဂါ နှင့်စပ်လျဉ်းသည့် နောက်ဆုံးရသတင်းအချက်အလက်များမှာ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန HP ကို ကြည့်ရှုပါ

**Yamaguchi ခရိုင်**

အမျိုးအစားအသစ် ကိုရိုနာ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန